# Kindle Fire နဲ့ Nook tablet ဘာကိုဝယ်သုံးသင့်သလဲ

တချို့က ဈေးသက်သာတဲ့ tablet တွေကိုမှ ဝယ်ချင်လေ့ရှိပါတယ်။ အဲဒီလိုလူမျိုးတွေအတွက် ဒေါ်လာ ၂၀၀ တန် Amazon Kindle Fire နဲ့ ဒေါ်လာ ၂၅၀ တန် Barnes & Noble Nook tablet တို့က ရွေးချယ်စရာ တွေပါပဲ။ ယင်း model တွေရဲ့ဈေးနှုန်းကို လျှော့ချနိုင်ဖို့အတွက် Amazon နဲ့ Barnes & Noble ကုမ္ပဏီ ၂ ခုဟာ ပစ္စည်းရဲ့အရည်အသွေးပိုင်းကို လျှော့ချခဲ့ရပါတယ်။ ဒါကြောင့်လည်း Apple iPad2 တို့၊ feature စုံလင်တဲ့ Android 3.2 Honeycomb tablet တွေကိုယှဉ်နိုင်တဲ့အနေအထားမျိုး လုံးဝမရှိခဲ့ပါဘူး။ စာရေးသူရဲ့ စမ်းသပ်မှုတွေအရ tablet ၂ ခုလုံးဟာ စွမ်းဆောင်ရည်ပိုင်း သိသိသာသာ မကွာခြားသလို အားနည်းချက်တွေလည်း ကိုယ်စီနေရှိပါတယ်။

## Reading

စီးပွားဖြစ် အမြောက်အမြားထုတ်ဝေတဲ့စာပေတွေ၊ သင်ရိုးညွှန်းတမ်းစာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေနဲ့ ကလေးစာပေနဲ့သက်ဆိုင်တဲ့စာအုပ်တွေအားလုံးဟာ Kindle Fire ထက်စာရင် Nook မှာ ပိုပြီး ကြည့်ကောင်းပါတယ်။ Text rendering မှာ Nook က သိသိသာသာ ပိုကောင်းပြီး font size ကြီးကြီးတွေလည်း ပါဝင်ပါတယ်။ Barnes & Noble က သတင်းစာ၊ မဂ္ဂဇင်း စတဲ့ ပုံနှိပ်ထုတ်စာပေတွေကိုလည်း Amazon ထက်ပိုပြီး စုံလင်အောင် တင်ဆက်ပေးနိုင်ပါတယ်။ ဒါတင်မက ကလေးကြိုက်စာပေမျိုးစုံကိုလည်း Amazon ထက် ပိုသာအောင် တင်ဆက်ပေးနိုင်ပါတယ်။ စာကို အသံထွက်ဖတ်ပြတဲ့စနစ်တွေ၊ ကိုယ့်သီချင်းသံကို ကိုယ်တိုင် record လုပ်နိုင်တဲ့စနစ်တွေအပြင် လှပတဲ့ page animation လေးတွေကိုလည်း ထည့်သွင်းပေးထားပါတယ်။ Kindle Fire မှာတော့ အဲဒီလို page animation တွေ မပါဝင်ပါဘူး။ Winner: Nook tablet

## Physical design

နှိပ်လို့ရတဲ့ volume button တွေပါဝင်မှု၊ storage ကို 32GB အထိ တိုးမြှင့်နိုင်မယ့် Micro-SDHC card slot ၊ အလင်းမပြန်တဲ့ display စတာတွေကြောင့် Nook tablet က ပိုအဆင့်မြင့်ပါတယ်။ စာရေးသူအနေနဲ့တော့ Nook ထက်စာရင် Kindle Fire ကို ပိုကြိုက်ပါတယ်။ ဒါပေမဲ့ Fire ရဲ့ power button ဟာ မတော်တဆ မှားနှိပ်မိတတ်ပြီး speaker တွေရဲ့ အထားအသိုကလည်း မှားနေတဲ့အပြင် နှိပ်လို့ရတဲ့ volume button တွေလည်း မပါပါဘူး။ Fire မှာ storage 8GB ပဲပါပြီး ဘာ expansion slot မှ မပါပါဘူး။ Winner: Nook tablet



Nook Tablet ကတော့ ရောင်စုံ e-reader ဖြစ်ပြီး ပုံတွေကို ပြသပေးနိုင်ပြီး video တွေကိုလည်း play လုပ်နိုင်ပါတယ်



Kindle Fire ကနေ Amazon ရဲ့ စာအုပ်တွေ၊ သီချင်းတွေ နဲ့ video တွေကို အလွယ်တကူ ဝယ်ကြည့်လို့ရစေပါတယ်

## Navigation

ဒီနေရာမှာတော့ Fire က ပိုကောင်းပါတယ်။ Software design ရယ်၊ menu တွေရယ်က အရမ်းကြည့်ကောင်းပြီး portrait ရော landscape ပါ ကြည့်လို့အဆင်ပြေပါတယ်။ Nook ရဲ့ navigation menu တွေက portrait mode အဖြစ်ပဲ သုံးလို့ရတဲ့အတွက် landscape mode မှာ content တွေကြည့်နေစဉ် menu တွေခေါ်သုံးရတာ အဆင် မပြေပါဘူး။ Nook မှာ မကြာမီကဖွင့်ကြည့်ခဲ့တဲ့ content တွေကိုခေါ်သုံးဖို့ shortcut တော့ ထည့်ပေးထားပါတယ်။ Winner: Kindle Fire

## Web browser

Kindle Fire ရဲ့ Silk browser က Nook ထက် အစစအရာရာ သာလွန်ပါတယ်။ Silk မှာ bookmark တွေ ကိုင်တွယ်ရတာ လွယ်ကူပြီး ကိုယ်လိုသလို setting တွေကို ချိန်ညှိနိုင်စေပါတယ်။ Nook ရဲ့ browser ကတော့ အလုပ်တွေပြီးမြောက်ဖို့ စွမ်းဆောင်ရည်ပိုင်းမှာ လိုအပ်မှုလေးတွေရှိနေပြီး Windows တွေ တစ်ခုနဲ့တစ်ခုကြား navigate လုပ်ရာမှာလည်း အဆင့်တွေက လိုတာထက်ပိုနေပါတယ်။ Fire ထက်စာရင် Nook ရဲ့ browser ထဲက text တွေက ပိုပြီးကြည်လင်ပြတ်သားမှု ရှိပါတယ်။ Winner: Kindle Fire

## Multitasking

Multitasking မှာတော့ tablet ၂ ခုလုံးဟာ လုံလောက်တဲ့စွမ်းရည်မျိုး မရှိပါဘူး။ စာဖတ်နေရင်း သီချင်းနားထောင်တာလောက်တော့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ app တစ်ခုကနေတစ်ခုကို ကူးပြောင်းတဲ့အခါ လက်ရှိဖွင့်ထားတဲ့ app ကို suspend လုပ်ထားရမယ့်အစား လုံးဝပိတ်ပစ်လိုက်ပါတယ်။ ဒါကြောင့် app ကို ပြန်ဖွင့်တဲ့အခါ နောက်ဆုံးဖွင့်ခဲ့တဲ့နေရာကို ပြန်ရောက်မသွားပါဘူး။ App တွေ switch လုပ်ပြီးသုံးတာကို tablet ၂ ခုလုံးဟာ ကောင်းကောင်းမကိုင်တွယ်နိုင်ပါဘူး။ iPad နဲ့ Android tablet

တွေကတော့ multitasking ကို ပိုပြီး ကောင်းကောင်းလုပ်နိုင်ကြပါတယ်။ ဒီကဏ္ဍမှာတော့ ဘယ်သူမှ အနိုင်မရကြပါဘူး။

## Personalization

Android device တိုင်းမှာ ကိုယ့်စိတ်ကြိုက် app တွေ၊ shortcut တွေ၊ widget တွေကို home screen မှာ တင်ထားနိုင်ပါတယ်။ ဒါပေမဲ့ Nook နဲ့ Fire တို့ကတော့ Android 2.3 ကို အခြေခံပြီး ယင်းတို့ကိုယ်ပိုင် interface တွေကို ဖန်တီးထားကြပါတယ်။ အဲဒီ interface ကို လည်း ကိုယ့်အနေနဲ့ ကြိုက်သလို ပြောင်းလို့မရပါဘူး။ ဒီကြားထဲကမှ Fire ထက်စာရင် Nook မှာ personalization option တွေ ပိုများများ ပါဝင်ပါတယ်။ ကိုယ့်ရဲ့ content တွေကိုလည်း library တွေထဲမှာ ပြသပေးဖို့ option အမြောက်အမြား ထည့်ပေးထားပါတယ်။ Winner: Nook tablet

## Buying or renting books, music and video

Amazon ရဲ့ video store app ဟာ Fire ပေါ်မှာသုံးရတာ အရမ်းအဆင်ပြေပြီး apple product တွေပေါ်မှာ iTune app ကို သုံးနေရသလိုမျိုး ခံစားရစေပါတယ်။ Fire ကနေ စာအုပ်တွေ၊ လစဉ်ထုတ်စာစောင်တွေ၊ သီချင်းတွေ၊ streaming video တွေ download ဆွဲရတာ အရမ်းအဆင်ပြေပါတယ်။ ဒါပေမဲ့ စာအုပ်တွေ၊ လစဉ်ထုတ်တွေ၊ app တွေကို Nook online store ကနေ download ဆွဲနိုင်အောင်ရှင်းလင်းတဲ့ design နဲ့ ဖန်တီးထားတဲ့ Nook ရဲ့ shop app ကိုလည်း အသိအမှတ်ပြုစရာ ဖြစ်ခဲ့ပါတယ်။ Barnes & Noble က video တွေ၊ music တွေကို မရောင်းပါဘူး။ အဲဒီအစား အဆိုပါ content တွေကို stream လုပ်ပေးမယ့် app တွေကိုပဲ ပံ့ပိုးပေးတာပါ။ Hulu Plus နဲ့ Neflix တို့ကို tablet မှာ တစ်ပါတည်းထည့်ပေးထားပြီး Pandora ၊ Rhapsody နဲ့ TuneIn Radio Pro စတဲ့ app တွေကို download ချနိုင်အောင် လုပ်ပေးထားပါတယ်။ Download နဲ့ Rental service တွေကိုတော့ ၂၀၁၂ အစောပိုင်းလောက်မှာ ထောက်ပံ့ပေးနိုင်မယ်လို့ B & N က ပြောကြားခဲ့ပါတယ်။ Winner: Kindle Fire

## Music player

Design ကောင်းမွန်ပြီး သုံးရလွယ်တဲ့ music player ဟာ Fire ရဲ့ အဓိကအားသာချက်ပါပဲ။ Playlist တွေ၊ artist တွေ၊ album တွေ၊ song တွေကိုလည်း sort လုပ်နိုင်ပါတယ်။ Player ရဲ့ interface ကနေ Amazon ရဲ့ music store သို့ တိုက်ရိုက်ချိတ်ဆက်နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ Nook ရဲ့ player ကတော့ နောက်ကောက်ကျနေခဲ့ပါတယ်။ Design ကလည်း သိပ်ကြည့်မကောင်းသလို သုံးလို့လည်း သိပ်အဆင်မပြေပါဘူး။ သီချင်းတွေဝယ်ယူဖို့လည်း Nook မှာ built-in store မပါပါဘူး။ အဲဒီအစား Pandora တို့လို streaming service တွေကိုတော့ တစ်ပါတည်းထည့်ပေးထားခဲ့ပါတယ်။ Winner: Kindle Fire

## Speakers

Speaker ၂ လုံးစလုံး ဘေးတစ်ဖက်ထဲမှာ နေရာချထားတာဟာ Amazon ရဲ့အမှားလို့ပဲ ဆိုရမှာပါ။ Tablet ကို လက်နှစ်ဖက်နဲ့ ကိုင်ထားစဉ်မှာ အောက်ဘက်က speaker ကို လက်နဲ့အုပ်ထားသလို ဖြစ်စေပါတယ်။ ဒါပေမဲ့ speaker တွေ ကတော့ stereo speaker တွေ ဖြစ်ပါတယ်။ Nook ကတော့ သူ့ရဲ့ကျောဘက်မှာ mono speaker တစ်လုံးပဲ ပါပါတယ်။ Winner: Kindle Fire

## Email

Nook ရော Fire မှာပါ email client ကောင်းကောင်း မပါပါဘူး။ ဒါပေမဲ့ gmail label တွေ ဖန်တီးလို့ရတဲ့ Nook ကတော့ ပိုသာပါတယ်။ Nook ရဲ့ email program မှာ Fire ရဲ့ universal inbox လို feature မျိုးတော့ မပါပါဘူး။ Winner: Nook tablet

## Picture & personal video

စမ်းသပ်ခဲ့တဲ့ 1080p movie တစ်ခုကို Nook က အဆင်ပြေချောမောစွာ ပြပေးနိုင်ခဲ့ပြီး ပုံရိပ်အရည်အသွေးကလည်း ကြည်လင်ပြတ်သားမှု ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ကံဆိုးစေတဲ့အချက်ကတော့ ရှုပ်ထွေးလှတဲ့ My Media Gallery viewer app ပဲဖြစ်ပြီး ခေတ်ပြိုင် tablet တွေထက်စာရင် အသုံးဝင်တဲ့ function တချို့လည်း ပါမလာခဲ့ပါဘူး။ Kindle Fire ရဲ့ Gallery app မှာ image တွေကြည့်ရတာ အဆင်မပြေလှပါဘူး။Device ဆီ image တွေကို transfer လုပ်ကတည်းက resolution ကို လျှော့ချပြီး အရွယ်အစားကို ချုံ့လိုက်တဲ့အတွက် detail တွေ ပျောက်ကုန်ပါတယ်။ Amazon ရဲ့ ပြောပြချက်အရ သူ့ရဲ့ player ဟာ MP4 နဲ့ Google ရဲ့ video format ဖြစ်တဲ့ VP8 ၂ မျိုးကိုသာ support လုပ်တယ်လို့ သိရပါတယ်။ Nook ကတော့ picture တွေ၊ video တွေကြည့်လို့ ပိုပြီး အဆင်ပြေပါတယ်။ Fire ကတော့ image viewing အတွက် လုံးဝမသုံးသင့်တဲ့အနေအထား ဖြစ်ပါတယ်။ ဒီကဏ္ဍမှာလည်း အနိုင်အရှုံး အဖြေမပေါ်ခဲ့ပါဘူး။

## Top 5 E-Readers

E-reader prices are plummeting (some are around $100), and sales are soaring. Here's a quick look at the current cream of the crop.

| | MODEL | | Rating | Bottom line |
|---|---|---|---|---|
| 1 |  | Barnes & Noble Nook Simple Touch<br>$99<br>find.pcworld.com/72492 | ★★★★☆ VERY GOOD | E-reader nails many elements of a fantastic reading experience, but its buttons are stiff. |
| 2 |  | Barnes & Noble Nook Color<br>$200<br>find.pcworld.com/72493 | ★★★★☆ VERY GOOD | Highlights include an elegant, easy interface and an LCD screen with minimal glare. |
| 3 |  | Amazon Kindle Keyboard (Wi-Fi/3G, 3rd Generation)<br>$189<br>find.pcworld.com/70767 | ★★★½☆ VERY GOOD | Best model with a physical means of input, it offers better reading than newer Kindles. |
| 4 |  | Sony Reader Wi-Fi PRS-T1<br>$130<br>find.pcworld.com/72494 | ★★★½☆ VERY GOOD | Providing both a touchscreen and physical buttons, this device takes a different approach. |
| 5 |  | Kobo eReader Touch Edition<br>$130<br>find.pcworld.com/71932 | ★★★½☆ VERY GOOD | Slim, light, and pocketable, with a good touchscreen, it lacks the finesse of its competition. |

NOTE: For more on e-readers, see "Find the Perfect E-Reader," at find.pcworld.com/72496.